ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**National Community Driven Development Project**

**လူထုဗဟိုပြုစီမံကိန်း၊ လှိုင်းဘွဲ့မြို့နယ်**

## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်




# ကြက်တူရွေးကျေးရွာအုပ်စု
# ထီးဖိုးသီကျေးရွာ

လှိုင်းဘွဲ့မြို့နယ်၊ ကရင်ပြည်နယ်    ၂၀၁၉


# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | လိုင်းဘွဲ့မြို့နယ်အခြေပြမြေပုံ ........................................................................... | ၁ |
| ၂။ | ကျေးရွာမြေပုံ (တည်နေရာ) ................................................................................ | ၂ |
| ၃။ | အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း ................................................................ | ၃ |
| ၄။ | ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း) ............................ | ၄ |
| ၅။ | လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း<br>လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား ..................................... | ၆ |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools<br>တစ်ခုချင်းစီအတွက် သုံးသတ်ချက်များ | |
| | ၁။ကျေးရွာလူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ(Social Map) ................................ | ၇ |
| | ၂။ ရာသီခွင်ပြပြက္ခဒိန်(Seasonal Cleander) ................................................ | ၉ |
| | ၃။ ဥစ္စာခနေကြွယ်ဝမှုပြဇယား (Wealth Ranking) ........................................ | ၁၁ |
| | ၄။ ကျား၊မ ပင့်ကူအိမ်သုံးသပ်ခြင်း(Cob Web) .............................................. | ၁၃ |
| | ၅။ အရင်းအမြစ်အသုံးချမှုပုံစံပြဇယား(Asset Mapping) ................................ | ၁၅ |
| | ၆။ အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား (Veen Diagram)................................... | ၁၈ |
| ၇။ | ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်း .... | ၂၀ |
| ၈။ | ကျေးရွာအချက်အလက်များ(PC 1) ........................................................................ | ၂၃ |
| ၉။ | စီမံကိန်းစက်ဝန်းအချိန်ဇယား(PC 2) ..................................................................... | ၂၇ |
| ၁၀။ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC 3) ........................................................ | ၂၈ |
| ၁၁။ | အစည်းဝေးမှတ်တမ်းများ ........................................................................ | ၃၀ |
| ၁၂။ | ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ...................................................... | ၃၂ |

## ၁။ လှိုင်းဘွဲ့မြို့နယ်အခြေပြမြေပုံ



## ၂။ ကျေးရွာမြေပုံ (တည်နေရာ)



လှိုင်းတွဲမြို့နယ် ၊ ပိုင်ကျုံမြို့ ၊ ကြက်တူရွေးကျေးရွာအုပ်စုမြေပုံ
N
မဲပရကျေးရွာအုပ်စု
ဘုရားကုန်း
ကြက်တူရွေး
မေပါက်လောက်
ကျေးရွာ
အုပ်စု
ထီးမိုးခွီး
ကော့တာကြား
ကွန်းစု
ထီးဖိုးကိန်ကျေးရွာအုပ်စု
ရည် ညွှန်း ချက်
မြို့နယ် နယ်နိမိတ်
ကျေးရွာအုပ်စုနယ်နိမိတ်
ကျေးရွာအုပ်စု/ကျေးရွာ
မြစ်/ချောင်း
ကားလမ်း/လှည်းလမ်း

## ၃။ အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

၁။ ဘုရားကုန်း

၂။ ကော့ကြားမကော်

၃။ ကျောင်းစု

၄။ ကော့ကြား

၅။ ထီးဖိုးခီ

၆။ ကမား

၇။ တပိုးထို

၈။ တကုတို

၉။ ငှက်ပျောတော

၁၀။ ကျွန်းစု

၁၁။ ဝါးဆူးကလာ

၁၂။ ယာခလုံးနိုင်

## ၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

### ၁။ ကျေးရွာနောက်ခံသမိုင်းကြောင်း

ထီဖိုးခီကျေးရွာသည် ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ပိုင်ကျုံမြို့နယ်(ခွဲ)၊ ကြက်တူရွေးကျေးရွာ အုပ်စုထဲတွင် ပါဝင်သောကျေးရွာတစ်ရွာဖြစ်ပါသည်။ ထီဖိုးခီးကျေးရွာသည် ကြက်တူရွေးအုပ်စုပင်မချောင်း လေး၏ထိပ်ဖျားတွင်တည်ရှိပြီး အရှေ့ဘက်အရပ်၌ရှိသော ဒေါနတောင်တန်းနှင့်နီးကပ်စွာတည်ရှိသောကျေးရွာ တစ်ရွာဖြစ်သည်။ ထီဖိုးခီကျေးရွာတွင် အိမ်ခြေ-(၅၃)၊ အိမ်ထောင်စု- (၅၆)၊ လူဦးရေ ကျား-(၁၆၉)+ မ-(၁၈၀)= ၃၄၉-ဦးရှိပါသည်။ သက်ကြီးရွယ်အို(၆၅)နှစ်နှင့်အထက်(၁၁)ဦးရှိကာ၊မသန်စွမ်း( ၁ )ဦးနှင့်အမျိုးသမီး ဦးစီးအိမ်ထောင်စု( ၈ )စုရှိပါသည်။ တစ်ရွာလုံးပိုးကရင်လူမျိုးများဖြစ်ပြီး ဗုဒ္ဓဘာသာကိုကိုးကွယ်ကြသည်။

ထီဖိုးခီကျေးရွာသည် ရှေးမှီလူကြီးများ၏အဆိုအရ လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့ပြီးအုပ်စုကျေးရွာအဖြစ် ပထမဦးစွာပါရှိသည့်ကျေးရွာစာရင်းဝင်တစ်ရွာဖြစ်သည်။ ထီဖိုးခီးကျေးရွာ ဟုခေါ်ခြင်းမှာ အုပ်စုပင်မချောင်းလေး၏ထိပ်ဖျားဟုအဓိပ္ပာယ်သက်ရောက်သည့် ကရင်ဘာသာအရ ထီဖိုးခီ (ချောင်းလေးထိပ်ဖျားရွာ)ဟုခေါ်တွင်ခြင်းဖြစ်သည်။ ကျေးရွာသည် အင်္ဂလိပ်နှင့်ဂျပန်အုပ်ချုပ်စဉ်ကာလများ အပါအဝင်လွတ်လပ်ရေးရပြီးနောက် ဖြတ်လေးဖြတ်ဟုတင်စားတိုက်ပွဲ၊(၈၈)အရေးအခင်းတိုက်ပွဲ၊ တိုင်းရင်းသား လက်နက်ကိုင်နှင့်တပ်မတော်တို့ဖြစ်ပွားသည့်တိုက်ပွဲစသည်တို့တွင် တောက်လျှောက်စစ်ဘေးစစ်ဒဏ် အပြင်း အထန်ခံစားရသည်။ နောက်ဆုံး ကေအင်န်ယူ၊ DKBA, BGF အထိစသောလက်နက်အဖွဲ့များ၏ တိုက်ပွဲ များကြားတွင်လည်း ဖြတ်သန်းခံစားရသေးသည်။ ထို့ကြောင့်လည်း ကျေးရွာသည် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးစသည့်အပိုင်းများတွင် တိုးတက်သင့်သလောက် မတိုးတက်ဘဲ ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေး လျက်ရှိသောကျေးရွာတစ်ရွာဖြစ်ပါသည်။

ကျေးရွာတွင် ပညာရေးအပိုင်းအနေဖြင့်အတော်အားနည်းကာ ရှေးအခါက ဘုန်းကြီးကျောင်းနေရ သည့် ဘုန်းကြီးကျောင်းသားကိုရင်ဦးဇင်းအမျိုးသားတစ်ချို့သာ ပညာအနည်းငယ်တတ်မြောက်ကြသည်။ ၁၉၉၄-ခုနှစ် DKBA ပေါ်လာပြီးနောက်ပိုင်းတွင်မှ ရွာဦးဆရာတော်မှဦးဆောင်ကာ ဘုန်းတော်ကြီးသင် ပညာရေးစတင်ဖွင့်လှစ်လာကာပညာရေးအခွင့်အလှမ်း ရရှိလာခဲ့သော်လည်း ရှေးယခင်ခံစားခဲ့ရသော စစ်ဘေးစစ်ဒဏ်များကြောင့်ကျေးရွာလူထုများက ပညာရေးကို စိတ်ဝင်စားမှုအားနည်းနေသည်။ ယခု အခါတွင်ပညာရေးကဏ္ဍအနေဖြင့် ဆရာတော်ဘုရားနှင့်လူထုများ၏ပူးပေါင်းဦးဆောင်မှုဖြင့်မူလွန်(ဘက)ကျောင်း နှင့်အခြေခံပညာအလယ်တန်း ကျောင်းများတည်ရှိလာပြီးဖြစ်သော်လည်းကျောင်းဆောင်နှင့်ကျောင်းပရိဘောဂ များပြည့်စုံရန် များစွာလိုအပ်လျက်ရှိနေသေးသည်။ ကော့ကြားစုကျေးရွာရှိကလေးများသည် အုပ်စုမူလွန် (ဘက)ကျောင်းနှင့်အခြေခံပညာအလယ်တန်းကျောင်းတို့ကို သွားရောက်ပညာသင်ယူကြသည်။

ထီဖိုးခီကျေးရွာ၏ အဓိကအသက်မွေးကြောင်းအလုပ်အကိုင်မှာလယ်ယာလုပ်ငန်းဖြစ်သည်။ စားသောက်ရန် အတွက်သာဖြစ်ပြီး အပိုအလျှံဝင်ငွေရရောင်းချနိုင်ရန်မရှိသောကြောင့် ကျေးရွာရှိ လူဦးရေအများစုသည် တောင် ပေါ်တက်ထိုင်းနိုင်ငံတွင်သွားရောက်အလုပ်လုပ်ကြသည်။ ကျေးရွာတွင် ဝင်ငွေပုံမှန်ရသောအလုပ်အကိုင်မရှိခြင်း၊ ကျေးရွာထွက်အရင်းအမြစ်များ အသုံးမချတတ်ခြင်း၊ ဈေးကွက် မရှိခြင်းမသိခြင်းတို့ကြောင့် အခက်အခဲများ ကြုံတွေ့ရကာ အဓိကထိုင်းနိုင်ငံကို မှီခိုနေရသည်။

ကျေးရွာတွင်လူအများစုလယ်လုပ်ကြပြီး ဈေးရောင်းသူနှင့်သစ်လုပ်ကိုင်သူများလည်းအနည်းရှိကာ တစ်ပိုင်တစ်နိုင်မွေးမြူရေးနှင့်စိုက်ပျိုးရေး လုပ်ကိုင်သူများလည်း အနည်းငယ်ရှိကြသည်။ ယခုနောက်ပိုင်းတွင် ရော်ဘာစိုက်ပျိုးသူအနည်းငယ်ရှိလာသော်လည်း ရော်ဘာဈေးကျခြင်းကြောင့် ဝင်ငွေရအောင် ရော်ဘာခြစ်အကောင်အထည်ဖော်မှုမရှိသလောက်ခြင်းတို့ကြောင့် ကျေးရွာလူထုအများစု စီးပွားရေးပြေလည်မှုမရှိသော အခက်အခဲကြုံတွေ့နေရပါသည်။

လမ်းပန်းဆက်သွယ်အပိုင်းအနေဖြင့် အတော်အားနည်းစွာရှိနေပြီး အဓိကမိုးတွင်းပိုင်းတွင်အုပ်စုကျောင်းနှင့်ဆေးပေးခန်းများသို့သွားရန် လမ်းမရှိဘဲကန်သင်းရိုးကိုယ်သာအသုံးပြုသွားလာနေရသေးသည်။ အခြားရွာများနှင့်သွားလာရန်လည်းရွာချင်းဆက်လမ်းကောင်းစွာမရှိဘဲ လှည်းလမ်းလူသွားလမ်းများကိုယ်သာ ခက်ခဲစွာဖြတ်သန်းသွားလာနေရသည်။ ၎င်းတို့ကြောင့် ကျေးရွာရှိလူထုများ၏ စီးပွားရေးနှင့်အရေးပေါ်ကျန်းမာရေးအခြေအနေများတွင် အခက်အခဲကြုံတွေ့နေရသည်။

ကျန်းမာရေးအနေဖြင့် အုပ်စုဆေးခန်းကို အားထားမှီခိုနေရသည်။ တစ်ခါတစ်ရံ ဝန်ထမ်းဆရာ/မများမရှိသောအခက်အခဲများတော့ရှိသည်။ ထို့ပြင် ကျေးရွာလူထုများ၏ ပညာရေးအားနည်း၍ ကျန်းမာရေးအသိပညာနည်းပါးသောကြောင့်ကာကွယ်ဆေးထိုးခြင်းများ အခက်အခဲရှိနေသေးသည်။

ကျေးရွာတွင် အဓိကထိတွေ့နေရသောအဖွဲ့အစည်းများမှာ အစိုးရအုပ်ချုပ်ရေးအဖွဲ့၊ ကေအင်န်ယူ၊ ဘီဂျီအက်ဗ်၊ ငြိမ်းချမ်းရေးစသောအဖွဲ့များနှင့်ထိတွေ့ဆက်ဆံနေရသည်။


ထိဝိုးခီကျေးရွာသည် ၂၀၁၀-ခုနှစ်နောက်ပိုင်းနယ်မြေ အခြေအနေအေးချမ်းလာပြီးနောက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်ပြုလုပ်ဆောင်ကြသော်လည်း ပညာရေးအားနည်းခြင်း၊ ဝင်ငွေရသောအလုပ်အကိုင်ပုံမှန်မရှိ၍ စားဝတ်နေရေးအဆင်မပြေခြင်း၊ ကျန်းမာရေး အသိပညာနည်းပါးခြင်း၊ ရှေးယခင်စစ်ဘေးစစ်ဒဏ်ကြောင့်ကြောက်ရွံ့စိတ်များရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရန်ပူးပေါင်းပါဝင်မှုမရှိခြင်းကြောင့်ကျန်းမာရေး၊ပညာရေး၊လူမှုရေး၊လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးနှင့် လူနေမှုအဆင့်အတန်းစသောကဏ္ဍဘက်ပေါင်းစုံတွင် ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်လျက်ရှိသောကျေးရွာတစ်ရွာဖြစ်ပါသည်။

# ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် အကျဉ်းချုပ်ဇယား

| စဉ် | အသုံးပြုခဲ့သော PRA tools များ | ဦးတည်အုပ်စုများ | အရေအတွက် | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|
| | | | ကျား | မ | |
| ၁ | ကျေးရွာအရင်းအမြစ်ပြမြေပုံ (Social Map) | ရပ်မိရပ်ဖ၊ကော်မတီဝင်များ၊ ကျေးရွာလူထုများအားလုံး။ | ၉ | ၂၂ | အခြေခံအဆောက်အအုံများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ လယ်ယာမြေများ၊ကျေးရွာရှိသဘာဝအရင်း အမြစ်များ။ |
| ၂ | ရာသီစဉ်ပြပြက္ခဒိန် (Seasonal Cleander) | ကော်မတီဝင်များ၊အမျိုးသား/ အမျိုးသမီး၊ဆင်းရဲနွမ်းပါးသူများ။ | ၉ | ၂၂ | စိုက်ပျိုးရိတ်သိမ်းကာလ(တောင်ယာ၊လယ် ယာ)၊စီးပွားရေးဝင်ငွေရရှိမှု၊ပွဲတော်ချိန်၊ရာ သီဥတု၊ကျန်းမာရေးဆိုင်ရာရေရရှိမှု။ |
| ၃ | ဥစ္စာဓနကြွယ်ဝမှုပြဇယား (Wealth Ranking) | ချမ်းသာ၊အလယ်အလတ်၊နွမ်းပါး စသောအုပ်စုများ | ၉ | ၂၂ | ကျေးရွာလူမှုစီးပွားရေး အခြေအနေကိုခွဲခြားသတ်မှတ်နိုင်ရေးအ တွက်အခြေခံစံနှုန်းများသတ်မှတ်၍ လူထုအားလုံးသဘောတူသတ်မှတ်ခြင်း။ |
| ၄ | ကျား၊မ ပင့်ကူအိမ်သုံးသပ်ခြင်း (Cob Web) | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီး များ | ၉ | ၂၂ | အမျိုးသားနှင့်အမျိုးသမီး များတန်းတူအခွင့်အရေးရရှိမှုနှင့်မရရှိသည့် အကြောင်း၊ အရင်းများကိုဖော်ထုတ် ဆွေးနွေးခြင်း။ |
| ၅ | အရင်းအမြစ်အသုံးချမှုပုံစံပြ ဇယား(Asset Mapping) | ကျေးရွာလူထုအားလုံး။ | ၉ | ၂၂ | ကျေးရွာရှိသဘာဝအရင်းအမြစ်များနှင့်လူ ဆိုင်ရာအရင်း၊ အမြစ်များအားမည်သူ ကအသုံးပြုပြီးမည်သူက ထိန်းချုပ်ထားရှိခြင်း။ |
| ၆ | အဖွဲ့အစည်းဆိုင်ရာဆက်နွယ်မှုပြဇယား (Veen Diagram) | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ဆောင်နေသည့်အဖွဲ့၊ကျေးရွာလူ ထု | ၉ | ၂၂ | ကျေးရွာအတွင်းရှိအဖွဲ့အစည်းများနှင့်မည် သော လုပ်ငန်းများအတွက်မည်သည့်အဖွဲ့များနှင့် ဆက်လုပ်ကိုင်ဆောင်ရွက်မှုရှိခြင်း။ |
| ၇ | ကျေးရွာအခြေခံအချက်အလက် (PC 1) | အမျိုးသား၊အမျိုးသမီးနှင့်ကျေး ရွာလူထုအားလုံး | ၉ | ၂၂ | အိမ်ခြေ၊လူဦးရေ၊လူမျိုး၊ဘာသာစသော ကျေးရွာ အခြေခံအချက်အလက်များ ဖော်ထုတ်ခြင်း။ |
| ၈ | အခက်အခဲများ၊မျှော်မှန်းချက်များ၊ကျေး ရွာဖွံ့ဖြိုးရေးဦး စားပေးလုပ်ငန်းများဖော် ထုတ်ခြင်း။ (PC 3) | အမျိုးသား၊အမျိုးသမီးနှင့်ကျေး ရွာလူထုအားလုံး | ၉ | ၂၂ | ကျေးရွာတွင်းရင်ဆိုင်နေရသောအခက်အ ခဲ၊ ကျေးရွာလူထု၏ မျှော်မှန်းချက်များ၊ ကျေးရွာဖွံ့ဖြိုးရေးအတွက်ဦးစားပေးလုပ်ငန်း များဖော်ထုတ်နိုင်ရန်။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools
## တစ်ခုချင်းစီအတွက် သုံးသတ်ချက်များ

### ၁။ ကျေးရွာလူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ(Social Map)



## လူမှုရေးအရင်းအမြစ်ပြမြေပုံ

(ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

မြို့နယ် - လှိုင်းဘွဲ့ | ကျေးရွာအုပ်စု-ကြက်တူရွေး


ရက်စွဲ - ၄.၆.၂၀၁၉ | ကျေးရွာ - ထီးဖိုးခီ

- ကျေးရွာတွင် အိမ်ထောင်စု (၆၀) ရှိပြီး အမျိုးသမီးအိမ်ထောင်ဦးစီး (၈)အိမ် နှင့် မသန်စွမ်းနေအိမ် (၃) အိမ်ရှိပါသည်။
- လယ်ယာလုပ်ငန်းဖြင့် အဓိကအသက်မွေးဝမ်းကျောင်းပြုကြပြီး ထိုင်းနိုင်ငံသို့သွားရောက်လုပ်ကိုင်သူများလည်းရှိပါသည်။
- ဗုဒ္ဓဘာသာကိုကိုးကွယ်ယုံကြည်ကြပြီး ကရင်လူမျိုးများဖြစ်ကြပါသည်။
- နွေရာသီတွင်သောက်သုံး ရေလုံလောက်မှုမရှိသောကြောင့် (အာဒရာမြန်မာ) မှ ရေတွင်းများ လာရောက်တည်ဆောက်ထားသည်များရှိပါသည်။
- မိုးရာသီတွင်ရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများသည် ဗွက်ထ၍လမ်းများပျက်စီးသောကြောင့် သွားလာရခက်ခဲကြန့်ကြာပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား(၉) ဦး

မ (၂၂) ဦး

## ၂။ ရာသီခွင်ပြပြက္ခဒိန်(Seasonal Cleander)



# ရာသီခွင်ပြ ပြက္ခဒိန်

(ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

မြို့နယ် - လှိုင်းဘွဲ့ ကျေးရွာအုပ်စု - ကြက်တူရွေး

ရက်စွဲ - ၄.၆.၂၀၁၉ ကျေးရွာ - ထီးဖိုးခီ

- ထီးဖိုးခီကျေးရွာရှိ ကျေးရွာလူထုများသည် ဗုဒ္ဓဘာသာဝင်များဖြစ်သည့်နှင့်အညီ တပေါင်း၊တန်ခူးလတွင် ရှင်ပြုအလှူမင်္ဂလာပွဲများကျင်းပကြသည်။

- ဝါဆို၊ဝါခေါင်လတို့တွင် မိုးရွာသွန်းမှုများသောကြောင့် ရွာချင်းဆက်လမ်းများ တစ်ခါတစ်ရံ ရေကျော်၍ လမ်းများပျက်စီးပါသည်။


- စပါးစိုက်ပျိုးထွန်ယက်သောအချိန်ကာလတွင် ကျေးရွာလူထုများ လယ်ယာလုပ်ငန်းခွင်ဝင်နေရသောကြောင့် အားလပ်ချိန်မရှိပါ။

- ကျေးရွာတွင် နှစ်စဉ် ဝါခေါင်လရောက်လျှင် ကရင်လူမျိုးတို့၏ ရိုးရာဓလေ့ဖြစ်သော လက်ချည်ပွဲကို ကျင်းပလေ့ရှိသည်။

ပါဝင်ဆွေးနွေးသူ - ကျား (၉) ဦး

မ (၂၂) ဦး

## ၃။ ဥစ္စာဓနကြွယ်ဝမှုပြဇယား (Wealth Ranking)



တီးဖိုးဒီးကျေးရွာ ဥစ္စာဓနကြွယ်ဝမှုပြဇယား

ကျေးရွာအုပ်စု ~ ကြက်တူရွေး — ဒုတိယသုံးလပတ်ဝန်း

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ပြေလည်သော အုပ်စု | တိုက်အိမ်၊ထော်လာ၊လယ်ဧက(၁၀)ကျော်၊တီဗွီ | ၁၇ | ၂၈% |
| အလယ်အလတ် အုပ်စု | သစ်သားအိမ်၊ဆိုင်ကယ်၊လယ်ဧက(၅)ကျော်၊ တီဗွီ | ၁၃ | ၂၀% |
| မပြေလည်သော အုပ်စု | ဝါးအိမ်၊စက်ဘီး၊ကျဘမ်း | ၃၀ | ၅၂% |
| စုစုပေါင်း | | ၆၀ | ၁၀၀% |

ပါဝင်ဆွေးနွေးသူ ~ ကျား( ၉ )ဦး၊ မ( ၂၂ )ဦး — ရက်စွဲ(၄.၆.၂၀၁၉)

## ဥစ္စာနေကြွယ်ဝမှုပြဇယား

(ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

မြို့နယ် - လှိုင်းဘွဲ့ | ကျေးရွာအုပ်စု - ကြက်တူရွေး
ရက်စွဲ - ၄.၆.၂၀၁၉ | ကျေးရွာ - ထီးဖိုးခီ

- ထီးဖိုးခီကျေးရွာတွင် အိမ်ထောင်စုပေါင်း (၆၀) ရှိပြီး ပြေလည်သောအုပ်စု (၁၅) စုနှင့် အလယ်အလတ်အုပ်စု (၁၅) စု ရှိပါသည်။


- ကျေးရွာတွင်မပြေလည်သော အုပ်စု (၃၀) ရှိပြီး နေအိမ်များကိုဝါးဖြင့်ဆောက်လုပ်ကာ ကျဘမ်းအလုပ်လုပ်ခြင်းဖြင့် မိသားစုစားဝတ်နေရေးအတွက်ရုန်းကန်ကြရသည်။

- ပြေလည်သောအုပ်စုများတွင် လယ်(၁၀)ကေကျော်ခန့် ပိုင်ဆိုင်ကြပြီး တိုက်အိမ်များဖြင့် ဆောက်လုပ်နေထိုင်ကြသည်။

- လယ်(၅)ကေကျော်၊တီဗီ၊ဆိုင်ကယ် နှင့်သစ်သားအိမ် စသည်တို့ကိုပိုင်ဆိုင်သောအုပ်စုကို အလယ်အလတ်အုပ်စုအဖြစ်သတ်မှတ်ကြသည်။

ပါဝင်ဆွေးနွေးသူ - ကျား (၉) ဦး
မ (၂၂) ဦး

## ၄။ ကျားမ ပင့်ကူအိမ်သုံးသပ်ခြင်း(Cob Web)



## ပင့်ကူအိမ်သုံးသပ်ခြင်း


(ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)


မြို့နယ် - လှိုင်းဘွဲ့ 　　　　　　　　ကျေးရွာအုပ်စု - ကြက်တူရွေး

ရက်စွဲ - ၄.၆.၂၀၁၉ 　　　　　　　　ကျေးရွာ - ထီးဖိုးခီ

- အလုပ်အကိုင်အခွင့်အလမ်း၊လုံခြုံမှု၊ဝင်ငွေရရှိမှုတို့တွင် အမျိုးသားများသည် အမျိုးသမီးများထက် အခွင့်အရေးပိုရရှိပါသည်။
- အမျိုးသမီးများသည် အိမ်မှုကိစ္စဆောင်ရွက်မှုများ၊ဆုံးဖြတ်ချက်ချပိုင်ခွင့်များ၊ပညာရေးလက်လှမ်းမှီမှု များတွင် အမျိုးသားများထက် ပိုမိုအားသာမှုရှိပါသည်။
- ကျေးရွာတွင်အမျိုးသမီး၊အမျိုးသားအသိပညာပေးဆွေးနွေးပွဲများ၊ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီး၊အမျိုးသား လုပ်ပိုင်ခွင့်နှင့်လုပ်အားခများတန်းတူပေးခြင်း စသည်တို့ဖြင့်လည်း ပါဝင်ဆုံးဖြတ်လှုံ့ဆော်ပေးရန် လိုအပ်ပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား (၉) ဦး
　　　　　　　　- မ (၂၂) ဦး


အရင်းအမြစ်သုံးစွဲမှုပြဇယား
ကျေးရွာအုပ်စု – ကြက်တူရွေး
မြို့နယ် – လှိုင်းဘွဲ့
ရက်စွဲ – ၄.၆.၂၀၁၉
ကျား
မ
ကျား + မ
ရေတွင်း
လယ်ကွင်း
ချောင်း
သချိုင်း
လမ်း
သစ်တော



အရင်းအမြစ်ထိန်းချုပ်မှုပုံစံပြဇယား
ကျေးရွာအုပ်စု – ကြက်တူရွေး
မြို့နယ် – လှိုင်းဘွဲ့
ရက်စွဲ – ၄.၆.၂၀၁၉
ကျား
မ
ကျား + မ
သစ်တော
ရေတွင်း
သချိုင်း
ချောင်း
ပါဝင်ဆွေးနွေးသူ - ကျား ( ၉ ) ဦး
မ ( ၂၂ ) ဦး

# ပိုင်ဆိုင်မှုသုံးသပ်ခြင်း

(ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

မြို့နယ် - လှိုင်းဘွဲ့ | ကျေးရွာအုပ်စု - ကြက်တူရွေး

ရက်စွဲ - ၄.၆.၂၀၁၉ | ကျေးရွာ - ထီးဖိုးခီ

- ကျေးရွာတွင် အမျိုးသား၊အမျိုးသားသီးသန့် သုံးစွဲသော အရင်းအမြစ် မရှိပါ။


- လမ်း၊ရေတွင်း၊သစ်တော၊လယ်ကွင်း၊သချိုင်း၊ချောင်း စသည်တို့ကို အမျိုးသား၊အမျိုးသမီး ညီတူညီမျှ အသုံးပြုကြပြီး အတူတကွ ပြင်ဆင်ထိန်းသိမ်းကြသည်။

- အရင်းအမြစ်များကို ကျေးရွာလူထုများအားလုံး အသုံးပြုကြပြီး ပျက်စီးမှုများရှိပါက ပြင်ဆင်ထိန်းသိမ်းမှုများတွင် အမျိုးသား၊အမျိုးသမီး ဟူ၍ မခွဲခြားဘဲ သူ့အပိုင်းနဲ့သူ ပြင်ဆင်ထိန်းသိမ်းကြပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား (၉) ဦး

- မ (၂၂) ဦး

## ၆။ အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား (Veen Diagram)





အဖွဲ့အစည်း ချိတ်ဆက်မှုပြ ဗင်းပုံ
မြို့နယ် – လှိုင်းဘွဲ့
ကျေးရွာအုပ်စု – ကြက်တူရွေး
KNU
Save the Children

## အဖွဲ့အစည်းချိတ်ဆက်မှုပြ ဇယား

(ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

မြို့နယ် - လှိုင်းဘွဲ့ ကျေးရွာအုပ်စု - ကြက်တူရွေး

ရက်စွဲ - ၄.၆.၂၀၁၉ ကျေးရွာ - ထီးဖိုးခီ

- ❖ အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာတွင်းအဖွဲ့အစည်းများနှင့် ကျေးရွာပြင်ပအဖွဲ့အစည်းများကို ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်ပါက ပါဝင်ကူညီဆောင်ရွက်ပါသည်။

- ❖ ကျန်းမာရေးအဖွဲ့၊မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့တို့သည် ကျေးရွာလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုများတွင် အဓိကပါဝင်ကူညီကြသည်။

- ❖ သာရေးနာရေးကိစ္စရပ်များတွင် ကျောင်းဒကာ ၊ဒကာများ နှင့်အုပ်ချုပ်ရေးအဖွဲ့သည်ကျေးရွာလူထုကို ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြသည်။

- ❖ ၂၀၁၈ ခုနှစ်တွင် လူထုဗဟိုပြုစီမံကိန်းကော်မတီဝင်များကို ဖွဲ့စည်းပြီး ကျေးရွာလူထု နှင့်အတူ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ ရေးဆွဲကြသည်။

ပါဝင်ဆွေးနွေးသူ - ကျား(၉) ဦး

မ (၂၂) ဦး

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်း

ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့

ကျေးရွာ ဆီးဖိုးခ  ကျေးရွာအုပ်စု ကြက်တူရွေး

| စဉ် | အမည် | ရာထူး / တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|
| ၁ | ဦးအောင်တင်ညွန့် | ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီ | |
| ၂ | နန်းမိုးမိုးသိန်း | ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီ | 09776272228 |
| ၃ | ဦးမောင်အေး | ဝယ်ယူရေး ဆပ်ကော်မတီ | |
| ၄ | ဒေါ်ကအေးကျော်ရှူးနော် | ဝယ်ယူရေး ဆပ်ကော်မတီ | |
| ၅ | မောင်ကာအောင် | လုပ်ငန်းလည်ပတ်ပြုပြင်ထိန်းသိမ်းခြင်း ဆပ်ကော်မတီ | 09769742417 |
| ၆ | ဒေါ်မအေးဝင်း | လုပ်ငန်းလည်ပတ်ပြုပြင်ထိန်းသိမ်းခြင်း ဆပ်ကော်မတီ | |
| ၇ | နန်းချိုချိုဝင်း | ကျေးရွာဘဏ္ဍာရေး စာရေး | |
| ၈ | ဦးမောင်မင်းသား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | |
| ၉ | ဒေါ်မဝင်းမြိုင် | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | |
| ၁၀ | ဦးဖါလောဖယ် | ဝေဖန်အကြံပြုကိုယ်စားလှယ် | |
| ၁၁ | ဒေါ်မူးတကော် | ဝေဖန်အကြံပြုကိုယ်စားလှယ် | 09760498611 |
| ၁၂ | ဦးကျော်ဖေဖေ | ကျေးရွာစေတနာ့ဝန်ထမ်း | |
| ၁၃ | ဒေါ်သန္တာအေး | ကျေးရွာစေတနာ့ဝန်ထမ်း | 09798415673 |





## ၈။ ကျေးရွာအချက်အလက်များ(PC 1)

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီးသွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအားကျေးရွာအချက်အလက်များကိုမေတ္တာရပ်ခံ၍တောင်းခံရသည်။ဤအချက်အလက်များကိုစီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏အမည် |
|---|---|---|
| ဦးစောသိန်း | 09764877798 | နန်းနွေ၊ ဥဥမြွေး |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ကရင် | လှိုင်းဘွဲ့ | [illegible] | ထီးဖိုးခို |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁)-ပိုးကရင် | ၆၀ | ဘာသာ(၁)-ဗုဒ္ဓ- | ၆၀ |
| လူမျိုးစု (၂)------------ | | ဘာသာ(၂)------------ | |
| လူမျိုးစု (၃)------------ | | ဘာသာ(၃)------------ | |
| လူမျိုးစုရော------------- | – | ဘာသာရော----------- | |
| အခြား | | | |

| | အရေအတွက် |
|---|---|
| မသန်စွမ်းသူများ | ၃ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၃ |
| စစ်ဘေးရှောင် | – |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီး(အရေအတွက်) | စုစုပေါင်းအရေအတွက် |
|---|---|---|---|
| လူဦးရေ | | | |
| လူမျိုးစု (၁)----------- | ၁၇၅ | ၁၈၆ | ၃၆၁ |
| လူမျိုးစု (၂)----------- | | | |
| လူမျိုးစု (၃)----------- | | | |
| အခြား | | | |
| အိမ်ထောင်ဦးစီး | ၅၂ | ၈ | ၆၀ |

**(ခ)အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေးအဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ)ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သောကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂)ကျန်းမားရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားမှလား |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ(အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | (ကတ္တရာလမ်း) | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် 2019 /မသိပါ (pact myanmar)

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှငင်းကျေးရွာအုပ်စု၏ဗဟိုအထိခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၂ ဖာလုံ /မသိပါ

(၂) ဤကျေးရွာမှ ငင်းကျေးရွာအုပ်စုဗဟိုအထိသွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ---၅ မိနစ်---ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှည်း/မော်တော်ဘုတ်/

အခြား ------------------

မိုးရာသီတွင်ကြာချိန်---5 မိနစ်---ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှည်း/မော်တော်ဘုတ်/

အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင်ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖေါ်ပြပါ--------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ(သို့)ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---------------------------------

(၂) ---------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးစောသိန်း

လက်မှတ် [signature] နေ့စွဲ ၃.၅.၂၀၁၉

လူထုစည်းရုံးရေးမှူး အမည် နန်းနွံနီနီဝေ

လက်မှတ် [signature] နေ့စွဲ ၃.5.2019

## ၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား(PC 2)

ပုံစံ - ၈-၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်းကျေးရွာနှင့် ကျေးရွာအုပ်စုအတွက်ဤပုံစံကိုဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/လက်ထောက်နည်းပညာရေးမှူးဝန်ထမ်း အမည် - နန်းဒွင်၊ ခုခုမွေ၊ မဝတ်ရည်နိုင်

နေ့စွဲ ၄.၆.၂၀၁၉

စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄)

ပြည်နယ်/တိုင်း ကရင် | မြို့နယ် လှိုင်းဘွဲ | ကျေးရွာအုပ်စု ကြက်တွန်းရွာ | ကျေးရွာ [illegible]

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | |
|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၄.၆.၂၀၁၉ | ၄.၆.၂၀၁၉ | ၉ | ၂၂ | ၃၁ | ပိုးကရင် ၊ ၃၁ | ၆၀ | ၅၂% |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၄.၆.၂၀၁၉ | ၄.၆.၂၀၁၉ | ၉ | ၂၂ | ၃၁ | ပိုးကရင် ၊ ၃၁ | ၆၀ | ၅၂% |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့်အစည်းအဝေး | | | | | | ၊ | | |
| ၄။ မြို့နယ်အဆင့်စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မတီ၏ | | | မလို | မလို | မလို | မလို | | |

# ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC 3)

## ပုံစံ - စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့်(၃)ကျေးရွာမျှော်မှန်းချက်အစည်းအဝေးပြီးဆုံးသောအခါ ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် နှင်းနှင်းနုနုဖွေး | | | |
| နေ့စွဲ ၄.၆.၂၀၁၉ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☒စက်ဝန်း(၂)☐ စက်ဝန်း(၃)☐စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ကရင် | မြို့နယ် လှိုင်းဘွဲ့ | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင်ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|
| မိုးရာသီတွင်ရွာတွင်းလမ်းပျက်ထသောကြောင့်သွားလာရခက်ခဲခြင်း | ☐ ကျား ☐မ ☒ကျား+ မ |
| နွေရာသီကာလလမ်းသည် မိုးရာသီတွင်ပျက်ထသွားနိုင်သောကြောင့်သွားလာရခက်ခဲ၍အချိန်ကြာမြင့်ခြင်း | ☐ ကျား ☐မ ☒ကျား+ မ |
| သစ်သားတံတားသာဖြစ်နေသောကြောင့်မိုးရေစီးနှုန်းမြန်၍သွားလာရာတွင်အန္တရာယ်ရှိခြင်း | ☐ ကျား ☐မ ☒ကျား+ မ |
| မီးမရှိသောကြောင့်ညအချိန်သွားလာရခက်ခဲခြင်း | ☐ ကျား ☐မ ☒ကျား+ မ |
| မူကြိုကျောင်းမရှိသဖြင့်ကလေးငယ်များမူကြိုစနစ်မရရှိခြင်း | ☐ ကျား ☐မ ☒ကျား+ မ |

ခ။ မျှော်မှန်းခြင်း- နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|
| လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပြီးကျေးရွာလူထု၏ကျန်းမာရေးနှင့်ပညာရေးကိုလက်လှမ်းမှီလာမည် | ☐ ကျား ☐မ ☒ကျား+ မ |
| မူကြိုကျောင်းရှိသောကြောင့်ကလေးငယ်များအတွက်ပညာရေးဘက်ကိုစိတ်ဝင်စားမှုပိုကောင်းလာမည် | ☐ ကျား ☐မ ☒ကျား+ မ |
| လမ်းမီးရှိသောကြောင့်ညဘက်တွင်သွားလာရာတွင်အဆင်ပြေမည် | ☐ ကျား ☐မ ☒ကျား+ မ |
| | ☐ ကျား ☐မ ☐ ကျား+ မ |
| | ☐ ကျား ☐မ ☐ ကျား+ မ |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC 3)

ဂ။ လူထုစီမံကိန်း၏ လာမည့်( ၄)နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| ဦးစားပေး အဆင့် သတ်မှတ်ချက် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ(အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ | ခန့်မှန်း ကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူခန့်မှန်းခြေအရေအတွက် | | |
|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း |
| ၁ | ရွာတွင်း [illegible] လမ်း ( 5 [illegible] x 18 x 1 ) | အမျိုးသား + အမျိုးသမီး | လမ်း/ တံတား | 1 [illegible] သိန်း | ၁၃၅ | ၁၈၆ | ၃၆၁ |
| ၂ | ကျေးရွာ [illegible] လမ်း ( [illegible] x 78' x 1' ) | အမျိုးသား + အမျိုးသမီး | လမ်း/ တံတား | 158 သိန်း | ၁၃၅ | ၁၈၆ | ၃၆၁ |
| ၃ | ကွန်ကရစ်တံတားဆောက်လုပ်ခြင်း ( 30' x 8' x 10' ) | အမျိုးသား + အမျိုးသမီး | လမ်း/ တံတား | 180 သိန်း | ၁၃၅ | ၁၈၆ | ၃၆၁ |
| ၄ | [illegible] (လမ်း) ( 15 [illegible] ) | အမျိုးသား + အမျိုးသမီး | မီး၊ လျှပ်စစ်၊ ရေ | 30 သိန်း | ၁၃၅ | ၁၈၆ | ၃၆၁ |
| ၅ | မူလတန်းကျောင်းဆောင်ဆောက်လုပ်ခြင်း ( 40' x 30' ) | အမျိုးသား + အမျိုးသမီး | ပညာရေး | 216 သိန်း | ၁၃၅ | ၁၈၆ | ၃၆၁ |


ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | | | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှအတည်ပြုသည်။

အမည် ---ဦးဇော်သိန်း--- လက်မှတ် ---[signature]--- နေ့စွဲ---၄ ၀ ၆ ၀ ၂၀၁၉---

## ၁၁။ အစည်းဝေးမှတ်တမ်းများ



အစည်းအဝေးမှတ်တမ်း

ကျေးရွာအမည် - ဝတ်ဖိုးနီ

အချိန်/နေ့ရက်- ၄.၆.၂၀၂၃

ကျေးရွာအုပ်စုအမည်- ကြက်တူရွေး

နေရာ - ဦးစောသိန်းနေအိမ်

အစည်းအဝေးပြုလုပ်ရခြင်းအကြောင်းအရာ ပထမအကြိမ်နှင့် ဒုတိယအကြိမ် ကျေးရွာ အစည်းအဝေး

ဆွေးနွေးချက်နှင့် ဆုံးဖြတ်ချက်

အစည်းအဝေးကို နေ့လည် (၁း၀၀) နာရီတွင် စတင်ပြီး တက်ရောက်လာသူများအား PC - 11 ကောက်ယူပါသည်။ အစည်းအဝေး ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို လူထုစည်းရုံးရေးမှူး မှ ရှင်းလင်းတင်ပြပါသည်။ စီမံကိန်း မိတ်ဆက်ခြင်း ကိုလည်း ဆက်လက်ကာ လူထုနှင့်အတူ အပြန်အလှန်ဆွေးနွေးကြပါသည်။ ထိုအပြင်သည်များ ကိုလည်း လူထုစည်းရုံးရေးမှူး မှ ဖြည့်စွက် ရှင်းလင်းတင်ပြပေးပါသည်။ ဝေဖန်အကြံပြုချက်ကို လည်း ကျေးရွာလူထုနှင့်အတူ လက်တွေ့နည်းပညာမှူး မှ အပြန်အလှန်ဆွေးနွေးကြပါသည်။ ဆက်လက်ပြီး ကျေးရွာစေတနာ့ဝန်ထမ်း ၅ ဦးအား ပြန်လည်အတည်ပြုကြရာတွင် ဒုတိယနှစ်စီမံကိန်းတွင်လည်း ပြန်လည်ပူးပေါင်းပါဝင်လိုသော တူညီကြပါသည်။ နောက် (၂း၀၀) နာရီတွင် ကျေးရွာလူထုနှင့်အတူ လုပ်ငန်းစဉ်ခြင်းများအား ပြန်လည်အတည်ပြုဆွေးနွေးကြပါသည်။ ဝင်ငွေအမြဲသုံးသပ်ခြင်းကို ကျား/မ အဖွဲ့နှစ်ဖွဲ့ခွဲကာ ပြန်လည်ဆွေးနွေးကြပါသည်။

ဆက်လက်ပြီး ကျေးရွာလူထုများ၏ အခက်အခဲများနှင့် ရှေ့ဆက်မည့် ချက်များကို ပြန်လည်အတည်ပြု ဆွေးနွေးကြပါသည်။ ပြီးနောက် ကျေးရွာလူထုများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ပေးသူ ပုဂ္ဂိုလ်များကို ပြန်လည်ရွေးချယ် အတည်ပြုခဲ့ပြီးဖြစ်ကြပါသည်။

ညနေ (၃:၀၀) နာရီတွင် ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများနှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို ပြန်လည်ဆွေးနွေးကြပါသည်။ ကော်မတီဝင်များကို ပြန်လည်အတည်ပြုကြရာတွင် ကော်မတီဝင်များက ပြန်လည်ပါဝင် ကူညီသဘောတူညီကြပါသည်။ လုပ်ငန်း၊ ဆည်ပေါက်ပြုပြင်ထိန်းသိမ်းရေး၊ အပ်ကော်မတီမှ အမျိုးသားနေရာကို ဖောင်ဒေးရှင်းအား ပါဝင်ရန် သဘောတူညီကြပါသည်။ ဆက်လက်၍ ကော်မတီဝင်များအား COC နှင့် HR-၃ ကို သဘောတူ လက်မှတ်ရေးထိုးကြပါသည်။ (၃:၃၀) နာရီတွင် ဒီဝေဝေ ဦးအောင်ကောင်းသူမှ ကျေးဇူးတင်စကားပြောကြား၍ အစည်းအဝေးအား ပိတ်သိမ်းလိုက်ပါသည်။

မှတ်တမ်းတင်ပြုစုသူ - အမည် - နန်းနွဲနုနုဆွေ၊ လက်မှတ်- Nhwe နေ့ရက်- ၄.၆-၂၀၁၉

အတည်ပြုသူ - အမည် - နန်းဒီဒိုးမို့သိန်း လက်မှတ်- သိန်း နေ့ရက်- ၄.၆-၂၀၁၉

## ၁၂။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| ကဏ္ဍ | စဉ် | လုပ်ငန်းအမျိုးအစား | အဆိုပြုသူ (အမှန်ခြစ်ရန်) | | | ခုနှစ် | ထောက်ပံ့မည့်အဖွဲ့အစည်း (သို့) ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား+မ | | | |
| အခြေခံအဆောက်အဦးကဏ္ဍ (လမ်း/တံတား/ရေရရှိရေး/မီးလင်းရေး) | ၁ | ရွာတွင်းကျောက်ရောမြေသားလမ်း | | | √ | ၂၀၂၀ | CDD&DRD | |
| | ၂ | ကော့ကြားနှင့်ရွာချင်းဆက်ကျောက်ခင်းလမ်း | | | √ | ၂၀၂၁ | CDD&DRD | |
| | ၃ | ကွန်ကရစ်တံတားတည်ဆောက်ခြင်း | | | √ | ၂၀၂၂ | DRD | |
| | ၄ | လမ်းမီးလင်းရေး(ဆိုလာ) | | | √ | ၂၀၂၃ | DRD | |
| | ၅ | | | | | | | |
| လူမှုစီးပွားရေးကဏ္ဍ (ပညာရေး/ကျန်းမာရေးနှင့်ဆိုင်သော အဆောက်အဦးများနှင့် အခြားလိုအပ်ချက်များ) | ၁ | မူကြိုကျောင်းတည်ဆောက်ခြင်း | | | √ | ၂၀၂၄ | DRD | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| သက်မွေးဝမ်းကြောင်းကဏ္ဍ (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆိုင်သော အဆောက်အဦးများနှင့် အခြားလိုအပ်ချက်များ) | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| သဘာဝဘေးအန္တရာယ် လျော့ပါးရေး ကဏ္ဍ | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| အခြားကဏ္ဍ (ဌာနဆိုင်ရာများသို့ လွှဲပြောင်းနိုင်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခြင်းမရှိသော လုပ်ငန်းများ) | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |